Message Three

# လူမျိုးအပေါင်းတို့အား ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်၏ နာမအထဲသို့ ဗတ္တိဇံပေးခြင်းအားဖြင့် သူတို့ကို တပည့်ဖြစ်စေခြင်း

ဖတ်ရန်ကျမ်း။ ။ မ၂၈း၁၆-၂၀

## I. "ကောင်းကင်ဘုံ၌လည်းကောင်း၊ မြေကြီးပေါ်၌လည်းကောင်း၊ စီရင်ပိုင်သော အခွင့်အာဏာ ရှိသမျှတို့ကို ငါခံရပြီ" - မ၂၈း၁၈။

A. ဘုရားသခင်သည် အထွတ်အထိပ်အခွင့်အာဏာဖြစ်ပြီး၊ ကိုယ်တော်၌ အခွင့်အာဏာ အားလုံးရှိသည် - ရော၉း၂၀-၂၁။

1. အခွင့်အာဏာသည် ဘုရားသခင့်ကိုယ်တိုင်ဖြစ်ခြင်းမှ ထွက်ပေါ်လာသည် - ဗျာ၂၂း၁။

2. အခွင့်အာဏာအားလုံး - အုပ်စိုးမှုဆိုင်ရာ၊ အဆင့်အနေအထားဆိုင်ရာနှင့် ဝိညာဉ်ဆိုင်ရာ- ရှိသမျှသည် ဘုရားသခင်ထံမှ ဆင်းသက်လာခြင်းဖြစ်သည် - က၉း၆။ ရော၁၃း၁-၇။ ယော၁၉း၁၀-၁၁။ ၂ကော၁၀း၈။ ၁၃း၁၀။

B. ဝိညာဉ်ရေးရာအခွင့်အာဏာ၏ သွင်ပြင်နှစ်ခုရှိသည်။

1. အပေါင်းလက္ခဏာသွင်ပြင်မှာ သန့်ရှင်းသူများကို အစေခံရန်၊ သူတို့ကို ထိန်းကျောင်းရန်၊ သူတို့ကို မစရန်နှင့် သူတို့ကို တည်ဆောက်ပေးရန် ဖြစ်သည် - မ၂၀း၂၅-၂၈။ ၂း၆။ ၂၄း၄၅။ ၂ကော၁၀း၈။

2. အနုတ်လက္ခဏာသွင်ပြင်မှာ ရန်သူကိုလည်းကောင်း၊ သူနှင့်ဆက်နွှယ်နေသော အရာများကိုလည်းကောင်း ဆက်ဆံဖြေရှင်းရန် ဖြစ်သည်။

C. ကိုယ်တော်၏ဘုရားဇာတိ၌ ဘုရားသခင်၏တစ်ပါးတည်းသော သားတော်အဖြစ် သခင်ဘုရားသည် အရာခပ်သိမ်းအထက်မှာ အခွင့်အာဏာ ရှိတော်မူသည် - မ၂၈း၁၈။

D. သို့သော်လည်း ကိုယ်တော်၏လူသားဇာတိ၌ လူသားတော်နှင့် ကောင်းကင်ဆိုင်ရာနိုင်ငံတော်၏ ရှင်ဘုရင်အဖြစ် ကောင်းကင်နှင့် မြေကြီးရှိ အခွင့်အာဏာကို ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်းပြီးနောက် ကိုယ်တော်ထံ ပေးအပ်ခဲ့ခြင်းဖြစ်သည်။

## II. "ထို့ကြောင့် သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ နာမအထဲသို့ ဗတ္တိဇံကို ပေးကြလော့" - အငယ်၁၉။

A. အခွင့်အာဏာအားလုံးကို ကိုယ်တော်ထံသို့ ပေးအပ်ထားပြီးဖြစ်သောကြောင့် (အငယ်၁၈) ကောင်းကင်ဆိုင်ရာရှင်ဘုရင်သည် ကိုယ်တော်၏တပည့်တော်များအား လူမျိုးအပေါင်းတို့ကို တပည့်ဖြစ်စေရန် စေလွှတ်တော်မူသည်။

B. သူတို့သည် ကိုယ်တော်၏အခွင့်အာဏာနှင့်အတူ သွားကြသည်။

C. လူမျိုးတို့ကို တပည့်ဖြစ်စေခြင်းမှာ ကိုယ်တော်၏နိုင်ငံတော်ဖြစ်သည့် အသင်းတော်ကို ယနေ့ပင် မြေကြီးပေါ်မှာ တည်စေဖို့ ဘုရားမဲ့လူများကို နိုင်ငံတော်သားများဖြစ်စေရန် ဖြစ်သည်။

D. ဗတ္တိဇံသည် နောင်တရသောလူများကို သူတို့၏အခြေအနေဟောင်းမှ အခြေအနေအသစ်တစ်ခုထဲသို့ သူတို့၏အသက်တာအဟောင်းကို အဆုံးသတ်ခြင်းအားဖြင့် ခေါ်ဆောင်ပေးကာ၊ ခရစ်တော်၏အသစ်သောအသက်ဖြင့် သူတို့ကို အသစ်မွေးဖွားပေးကာ၊ ထိုသို့ဖြင့် သူတို့သည် နိုင်ငံတော်သားများ ဖြစ်လာနိုင်မည်ဖြစ်သည်။

E. *အထဲသို့* ဟူသည်မှာ ပေါင်းစည်းခြင်းကို ရည်ညွှန်းပြီး၊ ရော၄ ၆း၃ နှင့် ဂလာတိ ၃း၂၇ ၌ကဲ့သို့ဖြစ်သည်။

1. တူညီသော ဂရိစကားလုံးကို တမန်တော် ၈း၁၆၊ ၁၉း၅ နှင့် ၁ကောရိန္သု ၁း၁၃၊ ၁၅ တို့တွင် အသုံးပြုထားသည်။

2. လူများကို သုံးပါးတစ်ပါးဘုရား၏နာမတော်အထဲသို့ ဗတ္တိဇံပေးခြင်းမှာ သူတို့ကို ဝိညာဉ်ရေးရာနှင့် နက်နဲခြင်းဆိုင်ရာ ကိုယ်တော်နှင့်ပေါင်းစည်းခြင်းအထဲသို့ ခေါ်ဆောင်ခြင်းဖြစ်သည်။

F. ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်းအတွက် နာမတော်တစ်ခုတည်းသာရှိသည်။

1. နာမတော်သည် ဘုရားဆိုင်ရာဖြစ်ခြင်း၏ စုစုပေါင်းဖြစ်ပြီး၊ ကိုယ်တော်၏ပုဂ္ဂိုလ်တော်နှင့် ညီမျှသည်။

2. တစ်စုံတစ်ဦးကို သုံးပါးတစ်ပါးဘုရား၏ နာမတော်အထဲသို့ ဗတ္တိဇံပေးခြင်းမှာ သူ့အား သုံးပါးတစ်ပါးဘုရားဖြစ်ခြင်း အားလုံးအထဲသို့ နှစ်မြှုပ်လိုက်ခြင်း ဖြစ်သည်။

G. နိုင်ငံတော်ကို စေ့စပ်ထုံးဖွဲ့ခြင်းအတွက် မဿဲက ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်း၏ စစ်မှန်ခြင်းအား သုံးပါးလုံး - ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော် - အတွက် တစ်ခုတည်းသောနာမတော်ကိုသာ ပေးခြင်းအားဖြင့် ဖွင့်ပြပေးသည်။

1. မဿဲ၏ အဖွင့် အခန်းကြီးတွင် သန့်ရှင်းသောဝိညာဉ်တော် (၁း၁၈)၊ သားတော် ခရစ်တော် (အငယ်၊၁၈)၊ နှင့် ခမည်းတော်ဘုရားသခင် (အငယ်၊၂၃) တို့သည် လူသားယေရှု တည်းဟူသော (အငယ်၊၂၁) ယေဟောဝါကယ်တင်ရှင်နှင့် ကျွန်ုပ်တို့နှင့်အတူ ရှိနေသော ဘုရားသခင်ဖြစ်တော်မူသောသူအဖြစ် သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်း ဖြစ်တော်မူသည်။
2. အခန်းကြီး ၃ တွင် မဿဲက သားတော်သည် ဖွင့်ထားသော ကောင်းကင်အောက်မှာ ဗတ္တိဇံခံရာ ရေ၌ ရပ်နေလျက်၊ ဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ သားတော်ပေါ်မှာ ဆင်းသက်လျက်၊ ခမည်းတော်သည် ကောင်းကင်များမှ သားတော်ထံသို့ စကားပြောလျက် ရှိခြင်းမြင်ကွင်းကို တင်ဆက်ထားသည် - အငယ်၊၁၆-၁၇။
3. အခန်းကြီး ၁၂ တွင် လူ၏ပုဂ္ဂိုလ်၌ သားတော်သည် ဝိညာဉ်တော်အားဖြင့် နတ်ဆိုးများကို နှင်ထုတ်ပြီး၊ ခမည်းတော်ဘုရားသခင်၏ နိုင်ငံတော်ကို ယူဆောင်လာသည် - အငယ်၊၂၈။
4. အခန်းကြီး ၁၆ တွင် ခမည်းတော်သည် နိုင်ငံတော်၏အသက်သွေးခုန်နှုန်း ဖြစ်သော အသင်းတော်ကို တည်ဆောက်ခြင်းအတွက် တပည့်တော်များထံ သားတော်ကို ဖွင့်ပြပေးခဲ့သည် - အငယ်၊၁၆-၁၉။
5. အခန်းကြီး ၁၇ တွင် သားတော်သည် အဆင်းသဏ္ဍာန်ပြောင်းလဲခြင်းအထဲသို့ ဝင်ရောက်သွားခဲ့ပြီး (အငယ်၊၂)၊ ခမည်းတော်၏ နှစ်သက်အားရသော စကားအားဖြင့် အတည်ပြုပေးခြင်းခံရကာ (အငယ်၊၅)၊ နိုင်ငံတော်ထင်ရှားပေါ်လွင်လာခြင်း (၁၆း၂၈) ၏ ပုံစံငယ် ပြသခြင်းကို ဆောင်ယူလာခဲ့သည်။
6. နောက်ဆုံး၌ မဿဲစာစောင်၏ အဆုံးသတ်အခန်းကြီးတွင် နောက်ဆုံးသောအာဒံအဖြစ် ခရစ်တော်သည် ကားတိုင်မှာ အသေခံခြင်းဖြစ်စဉ်ကို ဖြတ်ကျော်၍၊ ရှင်ပြန်ထမြောက်ခြင်းနယ်ပယ်အထဲသို့ ဝင်ရောက်ကာ၊ အသက်ပေးသော ဝိညာဉ်တော်ဖြစ်လာပြီးနောက်၊ ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်း အခြေအနေနှင့် စစ်မှန်ခြင်း၌ တပည့်တော်များထံ ကိုယ်တော် ပြန်ကြွလာခဲ့ကာ၊ ဘုရားမဲ့လူများကို ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်း၏ နာမ၊ ပုဂ္ဂိုလ်၊ စစ်မှန်ခြင်း အထဲသို့ ဗတ္တိဇံပေးခြင်းအားဖြင့် သူတို့ကို နိုင်ငံတော်သားများဖြစ်စေရန် မိန့်မှာခဲ့သည်။
7. မဿဲစာစောင်အရ ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော်၏ စစ်မှန်ခြင်းအထဲသို့ ဗတ္တိဇံခံခြင်းမှာ ကောင်းကင်များ၏ နိုင်ငံတော်ကို စေ့စပ်ထုံးဖွဲ့ခြင်းအတွက် ဖြစ်သည်။
8. မြေကြီးဆိုင်ရာ လူမှုအဖွဲ့အစည်းများနှင့် မတူညီစွာ၊ ကောင်းကင်ဆိုင်ရာနိုင်ငံတော်သည် အသွေးနှင့် အသားရှိသော လူသားဖြစ်ခြင်းများဖြင့် ဖွဲ့စည်းပုံဖော်၍မရနိုင်ပါ (ညွှန်း၊ ၁ကော၊၁၅း၅၀)။ ယင်းသည် သုံးပါးတစ်ပါးဘုရားနှင့်အတူ ပေါင်းစည်းခြင်းအထဲသို့ နှစ်မြှုပ်ခဲ့ပြီးသောသူများနှင့် သူတို့အထဲသို့ ဆောင်ယူခံရပြီးသော သုံးပါးတစ်ပါးဘုရားနှင့်အတူ တည်စေခြင်း၊ တည်ဆောက်ခြင်း ခံရပြီးသူများဖြင့်သာ စေ့စပ်ထုံးဖွဲ့နိုင်မည်ဖြစ်သည်။

## III. "ငါသည် သင်တို့အား မိန့်တော်မူသမျှတို့ကို စောင့်ရှောက်စေခြင်းငှာ ဆုံးမသြဝါဒပေးကြလော့။ ငါသည်လည်း ခေတ်ကာလကုန်သည့်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်" – မ၊၂၈း၂၀။

A. သခင်ဘုရားမိန့်မှာထားတော်မူသမျှတို့ကို စောင့်ရှောက်ခြင်းငှာ ယုံကြည်သူများကို သွန်သင်ခြင်းမှာ လူမျိုးအပေါင်းတို့ကို တပည့်ဖြစ်စေခြင်းအတွက် ဖြစ်သည် - အငယ်၊၁၉။

B. ကောင်းကင်ဆိုင်ရာရှင်ဘုရင်သည် ဧမာနွေလ တည်းဟူသော ကျွန်ုပ်တို့နှင့်အတူရှိသော ဘုရားသခင်ဖြစ်သည် - ၁း၂၃။

C. ထို့ကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏နာမတော်အထဲသို့ စုစည်းကြသည့်နေရာတိုင်းမှာ ကိုယ်တော်သည် ကျွန်ုပ်တို့ အလယ်တွင် ရှိတော်မူသည် - ၁၈း၂၀။

D. ထိုသို့သောအားဖြင့် ကိုယ်တော်သည် သူ၏ယုံကြည်သူများကို ဘယ်သောအခါမျှ မစွန့်ထားခဲ့နိုင်ပါ၊ ဘယ်သောအခါမျှ စွန့်ထားခဲ့မည်မဟုတ်ပါ။

E. မဿဲက မောနွေလအဖြစ် သခင်ဘုရားသည် ကိုယ်တော်ပြန်ကြွလာသည့်တိုင် ကိုယ်တော်၏လူများနှင့်အတူ စဉ်ဆက်မပြတ် ရှိနေသော ကောင်းကင်ဆိုင်ရာရှင်ဘုရင်ဖြစ်ကြောင်း သက်သေပြထားသည်။

F. ခေတ်ကာလပြီးမြောက်ပြည့်စုံခြင်းမှာ ဤခေတ်၏ အဆုံးသတ်ဖြစ်ပြီး၊ ယင်းမှာ သခင်ဘုရား၏ပါရိုးစီးယား၊ သခင်ဘုရား၏ ကြွလာခြင်းအချိန် ဖြစ်သည်။

1. *ပြီးမြောက်ပြည့်စုံခြင်း* ဟူသောစကားလုံးမှာ ပြီးပြည့်စုံခြင်း သို့မဟုတ် ပြီးမြောက်ခြင်းသို့ ရောက်ရှိလာမည့် ဖြစ်စဉ်တစ်ခုရှိနေကြောင်း ဆိုလိုသည်။
2. မဿဲ ၂၈း၂၀ တွင် *ခေတ်ကာလ၏ ပြီးမြောက်ပြည့်စုံခြင်း* မှာ ဤမျက်မှောက်ခေတ်၊ အသင်းတော်ခေတ်၏ အဆုံးသတ်ကို ရည်ညွှန်းသည်။
3. ခေတ်ကာလပြီးမြောက်ပြည့်စုံခြင်းသည် ဘေးဒဏ်ကြီးကာလ၏ သုံးနှစ်ခွဲဖြစ်လိမ့်မည်ဖြစ်သည် - ဒံ၊၁၂း၄၊ ၆-၇၊ ၉။
4. မဿဲ ၂၄း၆ တွင် ပြောထားသည့် *အဆုံး* မှာ ခေတ်ကာလ၏ ပြီးမြောက်ပြည့်စုံခြင်းဖြစ်ပြီး၊ ယင်းသည် ဘေးဒဏ်ကြီးကာလ၏ သုံးနှစ်ခွဲ (သီတင်းပတ်ခုနစ်ဆယ်မြောက်၏ နောက်ဆုံး သီတင်းတစ်ဝက်) ဖြစ်လိမ့်မည်ဖြစ်သည်။
5. ခေတ်ကာလ၏ ပြီးမြောက်ပြည့်စုံခြင်းသည် ကမ္ဘာလောက၏ အဆုံးသတ်မဟုတ်ဘဲ၊ အသင်းတော်ခေတ်ဟူသော ကျေးဇူးတော်ခေတ်၏ ပြီးမြောက်ခြင်းဖြစ်သည်။ ဤခေတ်သည် ပြီးမြောက်ခြင်းရှိရန် အလွန်နီးကပ်နေပြီဖြစ်သည်။
6. သခင်ဘုရားက ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်သည် နေ့ရက်များတစ်လျှောက်လုံး အခွင့်အာဏာရှိသမျှဖြင့် ခေတ်ကာလ ပြီးမြောက်ပြည့်စုံသည့်တိုင်၊ ယင်းမှာ ဤခေတ် အဆုံးသတ်သည့်တိုင် ကျွန်ုပ်တို့နှင့်အတူ ရှိနေမည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။

*© 2024 Living Stream Ministry*